**Message of Felicitations Sent by President U Thein Sein**
**on the Occasion of the 46th Anniversary of the Founding of ASEAN**

*President of the Republic of the Union of Myanmar H. E. U Thein Sein sent a message of felicitations on the occasion of the 46th Anniversary of ASEAN Day. The full text of the message is as follows:-*

Esteemed National brethren of Myanmar,

On the auspicious occasion of the 46th Anniversary of the founding of the Association of South East Asian Nations (ASEAN), I would like to extend the warm greetings to the people of Myanmar and the people of ASEAN and wish ASEAN all the success in building One vision, One identity, One community.

The political, economic and social situation in the South East Asian region when ASEAN was established in 1967 by the adoption of the Bangkok Declaration was very much different from those of the present time. We all have witnessed the success of the ASEAN as our region becomes the center of attention and the people of ASEAN have enjoyed all-round development. We can see the ten ASEAN Member States in unity have borne fruitful results based on the efforts of an individual state.

Today, the world has been facing the consequences of globalization such as extreme modernization, economic interdependence and unprecedented advance in information technology. No single country can overcome these challenges alone but only collectively.

As a regional organization, ASEAN has spared no efforts in maintaining peace and friendship in the region, gaining economic competitiveness and narrowing the development gaps among themselves.

Esteemed National brethren of Myanmar,

We are very encouraged of the successful implementation of the Blue Prints of the three pillars of the 2015 ASEAN Community, namely the ASEAN Political and Security Community (APSC), ASEAN Economic Community (AEC) and ASEAN Socio-Cultural Community (ASCC).

We commend the achievements of the ASEAN Political and Security Community building, including international recognition of the South East Asia Treaty of Amity and Cooperation (TAC); the progress in the implementation of the ASEAN Human Rights Declaration (AHRD); the establishment of ASEAN Institute for Peace and Reconciliation (AIPR); and the cooperation in the non-traditional security matters.

In the ASEAN Economic Community building, the promotion of the economic and trade relations with our Dialogue Partners, which are leading countries of the international economy, have benefitted the ASEAN member states. The increase in intra-ASEAN trade, the establishment of ASEAN Free Trade Area (AFTA) within the region and with the

Dialogue Partners, the realization of the Master Plan of ASEAN Connectivity (MPAC) and the Public Private Partnership (PPP) in economic sector are contributing to the Economic Community building.

The noble aim of the ASEAN Socio-Cultural Community is building a people-centered community in a caring and sharing society. It is inclusive, harmonious and enhancing the well-being, livelihood, and welfare of the peoples. The efforts to achieve equal status of education, health and living standards of children, youths, women and men in ASEAN member states by fairly distributing the outcome of the ASEAN Community are underway.

Accordingly, after 46 years of its existence, ASEAN has been recognized as a rule-based inter governmental organization with legal personality since the adoption of the ASEAN Charter and the successful regional organization in political, economic and social sectors as well. It has been proven by increasing numbers of the Ambassadors accredited to the ASEAN.

Esteemed National brethren of Myanmar,

Myanmar will take the ASEAN Chairmanship in 2014 for the first time since she has joined the organization 16 years ago. We will be taking a leadership role in gaining the momentum of ASEAN achievements; in fulfilling the 2015 ASEAN Community targets; and in laying down the ASEAN Vision beyond 2015.

The political, economic and social reforms in Myanmar have given her more opportunity in strengthening the integration with the member states of ASEAN in the ASEAN Community. The people-centered democracy in Myanmar is in line with the ASEAN Charter. It has facilitated the economic development of the country and accordingly helped the increase of social status of the people. At the same time, Myanmar's efforts to implement the ASEAN Community Blueprints have positive effects on the country's political, economic and social objectives.

The willingness and participation of the entire Myanmar people to strive for a modern and developed nation and to achieve the goals of ASEAN Community are of vital importance. The member states in the ASEAN family, while trying to develop individually, have to cooperate each other hand in hand. Myanmar is committed to try her best in contributing towards ASEAN Community by taking advantage of the position as a land bridge between ASEAN and its Dialogue Partners.

We will assume the 2014 ASEAN Chairmanship by ensuring the centrality of ASEAN; by obtaining ASEAN consensus; and by representing ASEAN in strengthening and promoting closer relations with external partners.

Myanmar has determined with might and main to undertake successfully the role of Chairmanship with the support of ASEAN member states and its Dialogue Partners.

Esteemed National brethren of Myanmar,

On the auspicious occasion of celebrating the 46th anniversary of ASEAN, I wish to urge the people of Myanmar-

-To take part actively in assuming the 2014 Myanmar ASEAN Chairmanship,

-To strive for the emergence of people-centered, peaceful and prosperous ASEAN Community for ASEAN People.

= = =

Source: Official website of the Office of the President

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာ သီရိသုဓမ္မ ဦးသိန်းစိန်မှ (၄၆) နှစ်မြောက် အာဆီယံနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား

အာဆီယံအဖွဲ့ကြီး ထူထောင်သည့် (၄၆)နှစ်မြောက် အခါသမယနေ့တွင် မြန်မာနိုင်ငံ ပြည်သူပြည်သားများအနေဖြင့် အခြားအာဆီယံ အဖွဲ့ဝင် နိုင်ငံများမှ ပြည်သူပြည်သားများ နှင့်အတူ တစ်ခုတည်းသော အမြင်၊ တစ်ခုတည်းသော သွင်ပြင်လက္ခဏာနှင့် တစ်ခုတည်းသော အာဆီယံ အသိုက်အဝန်း တည်ဆောက်နိုင်ကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

အာဆီယံအဖွဲ့ကြီးကို ၁၉၆၇ ခုနှစ်တွင် ဗန်ကောက် ကြေညာစာတမ်းဖြင့် ထူထောင်ခဲ့စဉ်က ကျွန်ုပ်တို့နေထိုင်ရာ အရှေ့တောင်အာရှ ဒေသ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများမှာ ယနေ့လက်ရှိ အခြေအနေနှင့် များစွာ ကွာခြားခဲ့ပါသည်။ ယနေ့ ကျွန်ုပ်တို့ ဒေသသည် နိုင်ငံတကာက အလေးဂရုထားပြီး အဘက်ဘက်မှ တိုးတက်ပြောင်းလဲ လာလျက် ရှိနေခြင်းမှာ အာဆီယံ အဖွဲ့ကြီး၏ ကြိုးပမ်းဆောင်ရွက် အောင်မြင်မှုကို သက်သေထူလျက် ရှိပါသည်။ ကျွန်ုပ်တို့ တစ်နိုင်ငံချင်း ကြိုးပမ်းမှုကို အခြေခံပြီး အာဆီယံ အဖွဲ့ဝင် ၁၀နိုင်ငံတို့ စည်းလုံး ညီညွတ်မှုရှိစွာ ကြိုးပမ်းဆောင်ရွက်ခြင်းက ပိုမိုထိရောက် အောင်မြင်မှု ရရှိ နေသည်ကို လက်ရှိဖြစ်ပေါ် တိုးတက်မှုများက သက်သေပြလျက် ရှိပါသည်။

ယနေ့ ကမ္ဘာကြီးသည် လျင်မြန်သောနှုန်းဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်လာခြင်း၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ စီးပွားရေးအရ အမှီသဟဲပြုနေရခြင်း၊ သတင်းအချက်အလက် နည်းပညာများ အံ့မခန်း ဆန်းသစ်လာခြင်း စသည့် ကမ္ဘာလုံး ဆက်စပ်မှု ဖြစ်စဉ်၏ အကျိုးဆက်များကို ရင်ဆိုင်ရလျက်ရှိရာ နိုင်ငံများသည် ကြုံတွေ့ရသော စိန်ခေါ်မှုများကို တစ်နိုင်ငံချင်း ဖြေရှင်း မရနိုင်ဘဲ စုစည်း၍သာ ရင်ဆိုင်နိုင်ပါမည်။ ဒေသတွင်း အဖွဲ့အစည်း တစ်ခုဖြစ်သည့် အာဆီယံ အနေဖြင့် အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ဒေသတွင်း ငြိမ်းချမ်းမှု တည်ဆောက်နိုင်ရေး၊ စီးပွားရေးအရ ယှဉ်ပြိုင်နိုင်စွမ်း ရှိလာရေး၊ နိုင်ငံများ အကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် လျော့နည်းလာရေးတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား

၂၀၁၅ ခုနှစ် အာဆီယံ အသိုက်အဝန်း တစ်ရပ် ပေါ်ထွန်းရန်အတွက် အာဆီယံ အသိုက်အဝန်း၏ မဏ္ဍိုင်(၃)ရပ် ဖြစ်သော အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်း၊ အာဆီယံ စီးပွားရေး အသိုက်အဝန်းနှင့် အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်း အခြေပြု မြေပုံများ အကောင်အထည် ဖော်ရေး လုပ်ငန်းစဉ်မှာ အောင်မြင်မှုများ ရရှိနေသဖြင့် အားတက် မိပါသည်။

အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းတွင် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးစာချုပ်ကို နိုင်ငံတကာက ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ် ပြုခြင်း၊ အာဆီယံ လူ့အခွင့်အရေး ကြေညာစာတမ်း အကောင်အထည်ဖော်မှုတွင် တိုးတက်မှုများ ရရှိနေခြင်း၊ အာဆီယံ ငြိမ်းချမ်းရေးနှင့် ပြန်လည် သင့်မြတ်ရေးအဖွဲ့ ထူထောင်နိုင်ခြင်း၊ သမားရိုးကျ မဟုတ်သော လုံခြုံရေး ကိစ္စရပ်များတွင် ပူးပေါင်း ဆောင်ရွက်နိုင်ခြင်း စသည့် အောင်မြင်မှုများကို ချီးကျူးပါသည်။

အာဆီယံ စီးပွားရေး အသိုက်အဝန်းတွင်လည်း အာဆီယံ၏ ဆွေးနွေးဖက် နိုင်ငံများသည် ကမ္ဘာ့စီးပွားရေး ဦးဆောင်နိုင်ငံများ ဖြစ်ကြသည့် အားလျော်စွာ ယင်းနိုင်ငံများနှင့် စီးပွားရေး ကုန်သွယ်ရေး ဆက်ဆံမှုများ တိုးမြှင့်နိုင်သည့်အတွက် အာဆီယံ နိုင်ငံများအတွက် အကျိုး ဖြစ်ထွန်းစေပါသည်။ အာဆီယံ နိုင်ငံအချင်းချင်း ကုန်သွယ်မှုပမာဏ တိုးမြင့်လာခြင်း၊ ဒေသတွင်း နိုင်ငံများ၊ ဆွေးနွေးဖက် နိုင်ငံများနှင့် အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသများ ထူထောင်နိုင်ခြင်း၊ အာဆီယံဒေသတွင်း ပေါင်းစည်း ဆက်သွယ်မှု မဟာစီမံကိန်းကို အကောင်အထည် ဖော်ခြင်းနှင့် စီးပွားရေးကဏ္ဍတွင် အစိုးရနှင့် ပြည်သူတို့ ပူးပေါင်း ဆောင်ရွက်ခြင်း တို့ကြောင့် အာဆီယံ စီးပွားရေး အသိုက်အဝန်း ထူထောင်မှုကို များစွာ အထောက်အကူ ပေးလျက် ရှိပေသည်။

အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်း၏ မြင့်မြတ်သော ရည်ရွယ်ချက်မှာ ပြည်သူ လူထုကို ဗဟိုပြုလျက် အေးအတူ ပူအမျှခံစားမည့် လူမှုအဖွဲ့အစည်း ထူထောင်ရန်ပင် ဖြစ်ပါသည်။ ယင်းရည်မှန်းချက်သည် အာဆီယံ ဒေသတွင်းနေ ပြည်သူအားလုံး၏ ဘဝ သာယာရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဆင်ပြေစေရေးနှင့် လူမှုဘဝ ဖူလုံရေးတို့ကို ဟန်ချက်ညီညီ မြှင့်တင်ပေးလျက် ရှိပါသည်။ အဖွဲ့ဝင်နိုင်ငံများတွင် ပညာရေး၊ ကျန်းမာရေး အဆင့်အတန်း တစ်ပြေးညီရှိရေး၊

အာဆီယံ အသိုက်အဝန်း၏ အသီးအပွင့်များကို အဖွဲ့ဝင် နိုင်ငံများက မျှဝေခံစားပြီး ကလေးသူငယ်၊ လူငယ်လူရွယ်၊ အမျိုးသမီး၊ အမျိုးသား အားလုံး၏ လူမှုဘဝ မြှင့်တင်ရန် ကြိုးပမ်း ဆောင်ရွက်လျက် ရှိပါသည်။

နှစ်ပေါင်း ၄၆ နှစ်ကြာ ပြောင်းလဲတိုးတက်လာသော အာဆီယံ အဖွဲ့ကြီးသည် ယနေ့ အချိန် အခါ၌ အာဆီယံ ပဋိညာဉ်စာတမ်း နှင့်အညီ စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ ပေါင်းစည်းမည့် ဒေသဆိုင်ရာ အဖွဲ့အစည်းအဖြစ် နိုင်ငံတကာက အသိအမှတ် ပြုကြပါသည်။ နိုင်ငံအများအပြားက အာဆီယံဆိုင်ရာ သံအမတ်ကြီးများ ခန့်အပ် ထားခြင်းသည် ယင်းအချက်ကို သက်သေထူလျက်ရှိပါသည်။

တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား

၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌအဖြစ် ပထမဆုံးအကြိမ် ထမ်းဆောင်မည်ဖြစ်ရာ အဖွဲ့ဝင်ဖြစ်ပြီး ၁၆ နှစ်အကြာတွင် ဖြစ်ပါသည်။ ကျွန်ုပ်တို့ အနေဖြင့် အာဆီယံ အဖွဲ့ကြီး၏ လက်ရှိ အောင်မြင်မှု များကို အရှိန်အဟုန် မြှင့်တင်နိုင်ရန် လည်းကောင်း၊ ၂၀၁၅ ခုနှစ် အာဆီယံ အသိုက်အဝန်း ထူထောင်ရန် ဆောင်ရွက်ရမည့် ကိစ္စများကို ဖြည့်ဆည်းရန်လည်းကောင်း၊ ၂၀၁၅ ခုနှစ်အလွန် အာဆီယံ၏ သွင်ပြင် လက္ခဏာကို အုတ်မြစ်ချရာတွင် လည်းကောင်း ဦးဆောင်ဦးရွက်ပြုမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများသည် အာဆီယံ အသိုက် အဝန်းအတွင်း အခြား အဖွဲ့ဝင် နိုင်ငံများနှင့် ပေါင်းစည်းမှုကို ပိုမိုခိုင်မြဲစေသည့် အခွင့်အလမ်း ရရှိစေပါသည်။ အာဆီယံ ပဋိညာဉ် စာတမ်းပါ အခြေခံမူများနှင့်အညီ ပြည်သူကို ဗဟိုပြုသည့် ဒီမိုကရေစီ နိုင်ငံကို တည်ဆောက်လျက်ရှိရာ နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ပြီး ပြည်သူတို့၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက် လာနေပြီဖြစ်ပါသည်။ အာဆီယံ အသိုက်အဝန်း၏ ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်ခြင်း အားဖြင့် မြန်မာနိုင်ငံက ကြိုးပမ်း ဆောင်ရွက်လျက် ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ရည်မှန်းချက်များ ပြည့်မီ လာမည် ဖြစ်ပေသည်။

မြန်မာပြည်သူ တစ်ရပ်လုံးက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တစ်ရပ်အဖြစ် ပေါ်ထွန်းလာရေး၊ အာဆီယံ အသိုက်အဝန်း ပေါ်ထွန်းရေးတို့ အတွက် အသိစိတ်ဓာတ် ရှိစွာဖြင့် ဝိုင်းဝန်း ကူညီဆောင်ရွက်ရန် အလွန် အရေးကြီးလှပါသည်။ အာဆီယံ မိသားစုအတွင်း တစ်နိုင်ငံချင်း တိုးတက် အောင်မြင်မှု ရရှိရန် ကြိုးပမ်းရင်း အဖွဲ့ဝင် နိုင်ငံများ အချင်းချင်း ရိုင်းပင်းကူညီ လက်တွဲ ခေါ်ယူရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံကလည်း အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ အကြား တည်ရှိသည့် မိမိတို့၏ ပထဝီဒေသ အခြေအနေကို အသုံးချ၍ အာဆီယံ အသိုက်အဝန်း ထူထောင်ရေးကို တစ်ဖက်တစ်လမ်းမှ အတတ်နိုင်ဆုံး ပါဝင်ဆောင်ရွက်ရန် သန္နိဋ္ဌာန် ချထားပါသည်။

မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်၊ အာဆီယံ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရာတွင် အာဆီယံ အချက်အချာ ကျမှုကို ဆက်လက် ထိန်းသိမ်းခြင်း၊ အာဆီယံ၏ တူညီဆန္ဒကို ရယူခြင်း၊ အာဆီယံကို ကိုယ်စားပြုပြီး ဆွေးနွေးဖက် နိုင်ငံများနှင့် ဆက်ဆံရေး ပိုမိုမြှင့်တင်ခြင်း တို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အာဆီယံ အဖွဲ့ဝင် နိုင်ငံများ၊ ဆွေးနွေးဖက်များ၏ ထောက်ခံအားပေးမှုကို ရယူလျက် ဥက္ကဋ္ဌ၏ တာဝန်ကို အောင်မြင်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရန် သန္နိဋ္ဌာန်ပြုပါသည်။

တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား

အာဆီယံ၏ (၄၆)နှစ်မြောက် အထိမ်းအမှတ် အခါသမယတွင် အာဆီယံ အဖွဲ့ဝင် တိုင်းရင်းသား ပြည်သူအပေါင်းတို့ အနေဖြင့်-

- ၂၀၁၄ ခုနှစ် အာဆီယံ ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရာတွင် တက်ကြွစွာ ပါဝင်ကြပါရန်၊
- အာဆီယံ ပြည်သူများအတွက် ပြည်သူ ဗဟိုပြုသည့် ငြိမ်းချမ်းသာယာ ဝပြောသော အာဆီယံ အသိုက်အဝန်း တစ်ရပ် ထူထောင်ရေးတွင် ဝိုင်းဝန်း ကြိုးပမ်းကြပါရန် အလေးအနက် တိုက်တွန်း အပ်ပါသည်။

* * *